# ဂျော်ဂျီယာနိုင်ငံဆိုင်ရာအချက်အလက်များ

## ပထဝီအနေအထား

၁။ ဂျော်ဂျီယာနိုင်ငံသည် ယူရေးရှားဟုခေါ်သော အရှေ့ဥရောပနှင့် အနောက်အာရှကြားတွင် တည်ရှိသောနိုင်ငံဖြစ်သည်။ အက်ခါးဇီးယားနှင့်တောင်အောစ်ဆက်တီးယားအပါအဝင် ဧရိယာ စတုရန်းကီလိုမီတာ ၆၉,၇၀၀ ရှိပြီး လူဦးရေအားဖြင့် ၂၀၁၄ ခုနှစ် ခန်းမှန်းမှုအရ ၄,၅၀၀,၀၀၀ ရှိသည်။ အနောက်ဘက်တွင် ပင်လယ်နက်ရှိပြီး မြောက်ဘက်တွင် ရုရှားနိုင်ငံ၊ တောင်ဘက်တွင် တူရကီနှင့် အာမေးနီးယား၊ အရှေ့တောင်ဘက်တွင် အဇာဘိုင်ဂျန်နိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ မြို့တော်မှာ Tbilisi ဖြစ်သည်။ ၂၀၁၁ ခုနှစ် စာရင်းများအရ မြို့ပြလူဦးရေမှာ ၅၃.၁% ဖြစ်ပြီး ကျေးလက်လူဦးရေမှာ ၄၆.၉ % ရှိသည်။

## ဂျော်ဂျီယာနိုင်ငံပထဝီအနေအထားပြမြေပုံ



**နောက်ခံသမိုင်း**

၂။ ဂျော်ဂျီယာနိုင်ငံသည် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် အစားထိုးဖွဲ့စည်းခဲ့သည့် ၁၁ နိုင်ငံပါဝင်သော လွတ်လပ်သောနိုင်ငံများဓနသဟာယအဖွဲ့တွင်ပါဝင်ခြင်းမရှိဘဲ သီးခြားရပ်တည်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၁၉၉ဝပြည့်နှစ်၊ အောက်တိုဘာလတွင်ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားရေးဝါဒီဂမ်ဆတ်ဟားဒီးယား၏ အင်အားစုများ မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဂျော်ဂျီယာပါလီမန်က ဂျော်ဂျီယာလွတ်လပ်ရေးကို ကြေညာခဲ့သည်။ နိုင်ငံရေးအခြေအနေများ ဆက်လက်တိုးတက်လာခဲ့ပြီး ၁၉၉၁ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် အမျိုးသားရေးဝါဒီခေါင်းဆောင် ဂမ်ဆတ်ဟာဒီးယားမှာ ဂျော်ဂျီယာနိုင်ငံ၏သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။ ယင်းသို့ရှိနေခဲ့ရာမှ သမ္မတဂမ်ဆတ်ဟာဒီးယားဦးဆောင်သော ဂျော်ဂျီယာအစိုးရအဖွဲ့အတွင်းမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ပြီး ၁၉၉၁ ခုနှစ်၊ ဩဂုတ်လတွင် ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့ အစိုးရအဖွဲ့မှ နုတ်ထွက်သည်အထိ ဖြစ်ခဲ့ရသည်။

၃။ အခြေအနေများ တစ်စတစ်စတင်းမာလာခဲ့ရာ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သမ္မတဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသူများနှင့် ဆန့်ကျင်သူများကြား အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့မှ ပုန်ကန်သူတပ်သားများ အပါအဝင် အတိုက်အခံအင်အားစုများက ပါလီမန်အဆောက်အအုံကို စီးနင်းတိုက်ခိုက်ခဲ့ကြသည်။ ဆန့်ကျင်သူများက သမ္မတဂမ်ဆတ်ဟာဒီးယား၏ အာဏာရှင်ဆန်လုပ်ရပ်များကို အဆုံးသတ်ရန်ဖြစ်သည်ဟု ပြောကြားသည်။ ဂမ်ဆတ်ဟာဒီးယားသမ္မတရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြသည်။ သမ္မတဂမ်ဆတ်ဟာဒီးယားကလည်း အတိုက်အခံများနှင့် စေ့စပ်ညှိနှိုင်းမည်မဟုတ်ကြောင်း၊ ၎င်းတို့၏တောင်းဆိုချက်များကို လိုက်လျောမည်မဟုတ်ကြောင်း အကြိမ်ကြိမ်ပြောကြားကာတင်းခံခဲ့သည်။ သမ္မတကို သစ္စာခံသည့်တပ်ဖွဲ့များကလည်း ကြံ့ကြံ့ခံခဲ့သည်။

၃။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ၁၁၃ ဦးသေဆုံးပြီး ၄၂ဝ ဦးဒဏ်ရာရရှိခဲ့သည်။ နောက်ဆုံး

အဆုံးအဖြတ်ပေးသည့် ဇန်နဝါရီလ ၆ ရက်နေ့တိုက်ပွဲတွင် အဆင့်မြင့်မြင့်လေ့ကျင့်ထားသည့် လုံခြုံရေးတပ်သား ၆၀ ဦးက သမ္မတကိုစွန့်ခွာသွားသဖြင့် မြို့တော်Tbilisi ရှိ ပါလီမန် အဆောက်အအုံမြေအောက်ခန်းတွင် ပုန်းခိုနေသောသမ္မတဂမ်ဆတ်ဟာဒီးယားသည်လည်း နောက်ဘက်မှထွက်ပြေးခဲ့ရသည်။ အတိုက်အခံအင်အားစုများက ၎င်းထွက်ခွာရာလမ်းကြောင်း ကို ပိတ်ဆို့ခြင်းမရှိဘဲ ထွက်ပေါက်ပေးခဲ့ရာ သမ္မတဂမ်ဆတ်ဟာဒီးယားသည် အာမေးနီးယား အရှေ့မြောက်ဒေသရှိ အစ်ဇီဗန်သို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

၄။ သမ္မတမရှိသည့်နောက် အတိုက်အခံပါတီအားလုံး၏ ကိုယ်စားလှယ်များတွေ့ဆုံ ဆွေးနွေးကာ စစ်ကောင်စီတစ်ရပ်ကိုဖွဲ့စည်းခဲ့ပြီး ယင်းစစ်ကောင်စီက ဂျော်ဂျီယာနိုင်ငံကို အုပ်ချုပ်ခဲ့သည်။ ထိုစဉ်က အတိုက်အခံတို့၏အာဏာသိမ်းမှုကို ဒီမိုကရက်တစ်တော်လှန်ရေး အောင်ပွဲအဖြစ် ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီးဟောင်းရှီဗာနာဇေက ချီးကျူးခဲ့သည်။ ဒီမိုကရက် တစ်ဂျော်ဂျီယာ ဖွဲ့စည်းဖြစ်ပေါ်ရေးအတွက်လည်း အစွမ်းကုန်ကူညီဆောင်ရွက်သွားလို ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

၅။ အာမေးနီးယားနိုင်ငံတွင် နိုင်ငံရေးခိုလှုံနေသည့် ဂမ်ဆတ်ဟာဒီးယားသည် ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မိမိ၏နေရပ်သို့ ရုတ်တရက်ပြန်လာခဲ့ပြီး လူထုစည်းဝေးပွဲတစ်ရပ် တွင် ဂျော်ဂျီယာစစ်ကောင်စီအစိုးရအား ပြည်တွင်းစစ်ဆင်နွှဲတိုက်ခိုက်သွားရန်နှင့် ဂျော်ဂျီယာ အနောက်ပိုင်းဒေသတွင် မက်ဂရယ်-အက်ဘ်ခါဇီယန်နိုင်ငံ ထူထောင်ရေးကို တိုက်တွန်း လှုံ့ဆော်ခဲ့သည်။ သို့ရာတွင် စစ်ကောင်စီအစိုးရအဖွဲ့သစ်အနေဖြင့် ဂျော်ဂျီယာတစ်နိုင်ငံလုံးကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ရာ သမ္မတဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသောအင်အားစုများ၏ လှုပ်ရှားမှုများမှာ အရာမရောက်ခဲ့ပေ။

၅။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဂျော်ဂျီယာနိုင်ငံ၏နိုင်ငံရေးမတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ မြို့တော် Tbilisi အပါအဝင် ဂျော်ဂျီယာနောက်ပိုင်းမြို့ကြီးများတွင် ဖြုတ်ချခြင်းခံရသည့် သမ္မတဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသည့်ဆန္ဒပြမှုများဖြစ်ပွားခဲ့ သည်။ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဂျော်ဂျီယာစစ်ကောင်စီက ဂျော်ဂျီယာဒီမိုကရက်တစ်

သမ္မတနိုင်ငံ၏ ၁၉၂၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ကျင့်သုံးကြောင်း ကြေညာခဲ့သည်။

၆။ ဤအခြေအနေတွင် ဂျော်ဂျီယာအာဏာရခေါင်းဆောင်များက ယခင်ဆိုဗီယက်နိုင်ငံခြားရေး ဝန်ကြီးဟောင်းရှီဗာနာဇေအား ဂျော်ဂျီယာနိုင်ငံသို့ပြန်လာရန်ဖိတ်ခေါ်ခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ရှီဗာနာဇေသည် မိမိ၏မွေးရပ်မြေဂျော်ဂျီယာနိုင်ငံသို့ ပြန်လာခဲ့သည်။ လေးရက်အကြာတွင် စစ်ကောင်စီတရားစီရင်ရေးနှင့်အုပ်ချုပ်ရေးအာဏာကို အသစ်ဖွဲ့စည်းခဲ့သည့်နိုင်ငံတော်ကောင်စီသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ရှီဗာနာဇေသည်လည်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

၇။ မတ်လအတွင်း ဂျော်ဂျီယာနိုင်ငံအနောက်ပိုင်းတွင် တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားခဲ့ရာ သမ္မတဂမ်ဆတ်ဟာဒီးယားအား ထောက်ခံသူများက ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်သည့် အက်ဘ်ခါဇီယာရှိဇူဒီဒီမြို့နှင့် ပိုတီပင်လယ်နက်ဆိပ်ကမ်းမြို့ဝန်းကျင်တစ်ဝိုက်တွင် ခြေကုပ်ယူနိုင်ခဲ့သည်။ သို့ရာတွင် ဂျော်ဂျီယာအစိုးရတပ်ဖွဲ့များက ၎င်းတို့အား ပိုတီပင်လယ်နက်ဆိပ်ကမ်းမြို့မှ မောင်းထုတ်နိုင်ခဲ့ပြီး ဇူဒီဒီမြို့အပါအဝင် အနီးဝန်းကျင်မြို့များကိုပါ ထိန်းချုပ်နိုင်ခဲ့သည်ဟု ၁၉၉၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။

၈။ အခြေအနေများ ယင်းသို့ဖြစ်ပေါ်လျက်ရှိစဉ် ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၉ ရက်နေ့တွင် ဂျော်ဂျီယာဒုတိယဝန်ကြီးချုပ်ဖြစ်သူမှာ ဇူဒီဒီမြို့အနီးတွင်ပြန်ပေးဆွဲခြင်းခံရသည်။ ယင်းဖြစ်ရပ်အတွက် ဂမ်ဆတ်ဟာဒီးယားအားထောက်ခံသူများကို ရှီဗာနာဇေကပြစ်တင် ပြောကြားလိုက်ပြီး ဇူလိုင်လ ၂၃ ရက်နေ့တွင် ဇူဒီဒီသို့ကိုယ်တိုင်သွားရောက်ခဲ့သည်။ သို့ရာတွင် မည်သို့မျှ ထူးခြားမလာခဲ့ချေ။

၉။ ယင်းဇူလိုင် ၂၃ ရက်နေ့မှာပင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်သည့် အက်ဘ်ခါဇီယာပါလီမန်က အက်ဘ်ခါဇီယာဒေသအား အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ်ကြေညာခဲ့သည်။ ၁၉၂၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြန်လည်ပြဋ္ဌာန်းခဲ့သည်။ ဂျော်ဂျီယာနိုင်ငံတော်

ကောင်စီက အဆိုပါပြန်လည်ပြဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားမဝင်ဟု ဇူလိုင်လ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

၁၀။ ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဂျော်ဂျီယာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ရာ ယင်းနေ့အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်လ ၄ရက်နေ့တွင် ကျင်းပခဲ့သည်။ ကုလသမဂ္ဂသို့ဝင်ခွင့်ရသည့်နေ့ကို အမျိုးသားပြန်လည်သင့်မြတ်ခြင်းနေ့ဟု ခေါ်ဝေါ်ခဲ့သည်။ ဂျော်ဂျီယာနိုင်ငံတော်ကောင်စီကလည်း အရေးပေါ်အခြေအနေနှင့်တီဘလီမြို့တော်တွင် ညမထွက်ရအမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ချက်တစ်ရပ်အနေဖြင့် ဂမ်ဆတ်ဟာဒီးယားအားထောက်ခံသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးကြောင်း ကြေညာခဲ့သည်။

၁၂။ ယင်းသို့ရှိနေခဲ့ရာမှ ဂမ်ဆတ်ဟာဒီးယားထောက်ခံသူများက ဓားစာခံအဖြစ်ဖမ်းဆီးထားသော ဂျော်ဂျီယာဒုဝန်ကြီးချုပ်အားပြန်လွှတ်ပေးရေးအတွက် စေ့စပ်ဆွေးနွေးရန် အနောက်ပိုင်း ဂျော်ဂျီယာရှိဇူဒီဒီမြို့သို့သွားရောက်ကြသူ အစိုးရကိုယ်စားလှယ်များအား ဂမ်ဆတ်ဟာဒီးယား ထောက်ခံသူများက ဩဂုတ်လ ၁၁ ရက်နေ့တွင် ထပ်မံဖမ်းဆီးခဲ့ပြန်သည်။ အနောက်ပိုင်းဂျော်ဂျီယာဒေသသည် ဂမ်ဆတ်ဟာဒီးယားထောက်ခံသူတို့၏ အခြေခံစခန်းဖြစ်သည်။ ဂမ်ဆတ်ဟာဒီးယားမှာ ချီချန်သမ္မတနိုင်ငံဟု ကိုယ့်သဘောဖြင့်ကိုယ်ကြေညာထားသောဒေသတွင် ခိုလှုံလျက်ရှိသည်ဟုဆိုသည်။ ချီချန်သည် ရုရှားတောင်ပိုင်း၊ ရုရှားပြည်ထောင်စုအတွင်း တည်ရှိသည်။

၁၃။ အက်ဘ်ခါဇီယာဒေသက လွတ်လပ်ရေးကြေညာခဲ့သည့်ဖြစ်ရပ်နှင့် အထက်ပါဖြစ်ရပ်တို့ကို အကြောင်းပြု၍ ဂျော်ဂျီယာခေါင်းဆောင်ရှီဗာနာဇေသည် ၎င်းအားဆန့်ကျင်အတိုက်အခံပြုသူများ အား ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် စစ်ကြေညာခဲ့သည်။ ဂျော်ဂျီယာအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့များကိုလည်း အက်ဘ်ခါဇီယာဒေသသို့ ဩဂုတ်လ ၁၄ ရက်နေ့တွင် စေလွှတ်ခဲ့သည်။ အက်ဘ်ခါဇီယာဒေသအာဏာပိုင်များကလည်း ဤသို့ ဂျော်ဂျီယာတပ်ဖွဲ့များဝင်ရောက်မှုကို ကျူးကျော်မှုအဖြစ်သတ်မှတ်ပြီး ရှုတ်ချကြသည်။ ဩဂုတ်လ ၁၄ ရက်မှ ၁၆

ရက်အတွင်း အက်ဘ်ခါဇီယာဒေသမြို့တော်ဆူခူမီ၌ ဖြစ်ပွားသော တိုက်ပွဲများတွင် လူ ၅၀ ကျော် သေဆုံးခဲ့ရသည်။

၁၄။ ၁၉၉၂ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အက်ဘ်ခါဇီယာဒေသအများအပြားကို ဂျော်ဂျီယာအမျိုးသားကာကွယ်ရေးတပ်ဖွဲ့များက ထိန်းချုပ်နိုင်ခဲ့သည်။ အက်ဘ်ခါဇီယာ ပါလီမန်အဆောက်အအုံကိုလည်း သိမ်းပိုက်နိုင်ခဲ့သည်။

၁၅။ ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်ခဲ့ရာ ရုရှားခေါင်းဆောင် ဘောရစ်ယဲ့လ်ဆင်၊ ဂျော်ဂျီယာခေါင်းဆောင် ရှီဗာနာဇေနှင့် အက်ဘ်ခါဇီယန်ခေါင်းဆောင် အာဇင်ဘာတို့၏ ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့က ပြုလုပ်သော ငြိမ်းချမ်းရေးစေ့စပ်ဆွေးနွေးပွဲ၌ ဂျော်ဂျီယာ နှင့် အက်ဘ်ခါဇီယန်တို့နှစ်ဖက်အပစ်အခတ်ရပ်စဲရန် သဘောတူညီချက်ရရှိခဲ့ပြန်သည်။

၁၆။ ၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် ဂျော်ဂျီယာအမျိုးသားကာကွယ်ရေးတပ်ဖွဲ့များနှင့် အက်ဘ်ခါဇီယာဒေသခွဲထွက်ရေးသူပုန်များအကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့သည်။ အက်ဘ်ခဇီယာဒေသတွင် သုံးလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် သေဆုံးသူဦးရေမှာ ၄၀၀ ကျော်အထိ ရောက်ရှိသွားခဲ့သည်။

၁၇။ ဤအခြေအနေများတွင် ဂျော်ဂျီယာနှင့်ရုရှားတို့ နှစ်နိုင်ငံအကြားဆက်ဆံရေးတင်းမာ လာရသည့်ပြဿနာကလည်း ရှိနေပြန်သည်။ အဓိကအကြောင်းအရင်းမှာ အက်ဘ်ခါဇီယာ ဒေသတွင် ရုရှားတပ်များတပ်စွဲထားရာ ရုရှားတပ်ဖွဲ့များက ဂျော်ဂျီယာတပ်များအား ဆန့်ကျင် မှုပြုသည့် လုပ်ရပ်များအတွက် ဂျော်ဂျီယာနိုင်ငံက ပြစ်တင်ဝေဖန်ခဲ့သည်။ ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် သမ္မတ်ရှီဗာနာဇေအုပ်ချုပ်မှုအား ဆန့်ကျင်သော အကြမ်းမဖက်သည့်နှင်းဆီ တော်လှန်ရေးပေါ်ပေါက်လာသည်။ ရက် ၂၀ ကြာတော်လှန်ရေးအတွင်းတွင် သမ္မတရှီဗာနာဇေ ပြုတ်ကျခဲ့ပြီး အနောက်တိုင်းပုံစံဒီမိုကရေစီစနစ်နှင့် နိုင်ငံခြားရေးစနစ်များပေါ်ပေါက်လာခဲ့ သည်။

## ရုရှား-ဂျော်ဂျီယာစစ်ပွဲ (၂၀၀၈)

၁၈။ ရုရှား-ဂျော်ဂျီယာစစ်ပွဲသည် ဂျော်ဂျီယာတပ်များနှင့် တောင်ပိုင်းအိုဆက်တီးယား ခွဲထွက်ရေးသမားများ၏ပြည်တွင်းစစ်အသွင်မှ ဂျော်ဂျီယာနှင့် ရုရှားတပ်များရင်ဆိုင်တိုက်ခိုက်သည့် နိုင်ငံချင်းစစ်ပွဲအသွင်သို့ ရောက်ရှိသွားသောစစ်ပွဲဖြစ်သည်။ ထိုစစ်ပွဲတွင် ရုရှားအနေဖြင့် သာလွန်အင်အားကိုအသုံးပြု၍ စစ်ဆင်နွှဲခဲ့သောစစ်ပွဲဖြစ်ပါသည်။

၁၉။ ဆိုဗီယက်ပြည်ထောင်စု၏သမ္မတနိုင်ငံတစ်ခုဖြစ်ခဲ့သောဂျော်ဂျီယာသည် ၁၉၉၁ဆိုဗီယက်ပြည်ထောင်စုပြိုကွဲချိန်တွင် လွတ်လပ်ရေးကြေညာခဲ့သည်။ ထိုသို့ကြေညာချိန်တွင် တောင်အိုဆက်တီးယားပြည်နယ်တို့သည် ဂျော်ဂျီယာနိုင်ငံအတွင်းပါဝင်လာခဲ့သည်။ ထိုအချိန်ကတည်းကပင် ၄င်းပြည်နယ်၂ခုသည် ဂျော်ဂျီယာထံမှ ခွဲထွက်လိုကြသည်။ တောင်အိုဆက်တီးယားပြည်သူတို့သည် နယ်နိမိတ်ခြင်းထိစပ်နေသော ရုရှားပြည်နယ် မြောက်အိုဆက်တီးယားနှင့် လူမျိုးချင်းတူညီသောကြောင့် ပူးပေါင်းလိုခဲ့ကြသည်။

၂၀။ ထို့ကြောင့် ဂျော်ဂျီယာသမ္မတနိုင်ငံ ပေါ်ပေါက်လာချိန်တွင် ရုရှားနှင့်ပူးပေါင်းလိုကြောင်း အတိအလင်းပင်ကြေငြာခဲ့သည်။ အလားတူပင်အက်ဘ်ခါးဇီးယားကလည်းပုန်ကန်လာခဲ့သည်။ ထိုအခြေအနေတွင် ဂျော်ဂျီယာအစိုးရသည် အင်အားသုံး၍ဖြေရှင်းရန်ကြိုးပမ်းလာခဲ့သည်။ ၄င်းအခြေအနေတွင်ရုရှားသည် တောင်အိုဆက်တီးယားသို့ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ စေလွှတ်ကာတုံ့ပြန်ခဲ့သည်။ ဂျော်ဂျီယာသမ္မတရှီဗာနာဇေ(ယခင်ဆိုဗီယက် ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဟောင်း)သည် ၂၀၀၃ ခုနှစ်တွင် ပြုတ်ကျပြီး ၄င်း၏လက်ထောက်ဖြစ်သူ ဆက်ကက်ရှီဗလီ သမ္မတဖြစ်လာခဲ့သည်။ သမ္မတသစ်သည် ခွဲထွက်ရေးတောင်းဆိုသည့်ဒေသများအား နှိမ်နင်းသွားမည်ဟုကြွေးကြော်ခဲ့သည်။ ၄င်းအချိန်တွင် အမေရိကန်ပြည်ထောင်စုသည် ဂျော်ဂျီယာအား ထောက်ပံ့ပေးလျှက်ရှိသည်။ ထို့ကြောင့် ရုရှား-ဂျော်ဂျီယာဆက်ဆံရေး တင်းမာလာသကဲ့သို့ ရုရှား-အမေရိကန်ဆက်ဆံရေးသည်လည်းတင်းမာလာခဲ့သည်။

၂၁။ ထို့အပြင် ဂျော်ဂျီယာနှင့်ယူကရိန်းတို့သည် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်ရန် ပြင်ဆင်လာခဲ့သည်။ ၂၀၀၈ ခုနှစ် ဩဂုတ်လ ၇ရက်နေ့တွင် ဂျော်ဂျီယာတပ်များသည် တောင်အိုဆက်တီးယားပြည်နယ် တက်စ်ခင်ဗီလီမြို့အား အင်အားအလုံးအရင်းဖြင့်ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုတွင် တောင်အိုဆက်တီးယားရှိ ရုရှားငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များနှင့် ရုရှားနိုင်ငံကူး လက်မှတ်ကိုင်ဆောင်ထားသော အရပ်သားများသေဆုံး/ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် ပြည်သူများ၏ အသက်အိုးအိမ်ကိုကာကွယ်ရန်တာဝန်ရှိသည်ဟုကြေငြာကာ ဂျော်ဂျီယာအား အင်အားအလုံးအရင်းဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

၂၂။ ဂျော်ဂျီယာစစ်ပွဲသည် အင်အားကြီးအမေရိကန်နှင့် ရုရှားတို့၏အားပြိုင်မှုများကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ ဂျော်ဂျီယာနိုင်ငံသည်ပထဝီနိုင်ငံရေးအရ ရုရှားနိုင်ငံအတွက်အရေးပါ သောပင်လယ်နက်ထွက်ပေါက်ဖြစ်သည်။ အထူးသဖြင့်ယူကရိန်းနှင့်ဂျော်ဂျီယာသည်ရုရှား၏ ပင်လယ်နက်ထွက်ပေါက်အား ဘေးတစ်ဖက်စီမှ ရံထားသည်။ ယူကရိန်းနှင့်ဂျော်ဂျီယာသည် ရုရှားနှင့်ဆက်ဆံရေးမပြေလည်သောကြောင့် အမေရိကန်သည် ၎င်းနိုင်ငံများအား နေတိုးအဖွဲ့ဝင် ဖြစ်လာစေရန်စည်းရုံးခဲ့သည်။ အမေရိကန်သည် ဥရောပရှိယခင်ဆိုရှယ်လစ်နိုင်ငံများအား သိမ်းသွင်းခြင်းသည် ရုရှားတို့၏အမျိုးသားအကျိုးစီးပွားကိုတိုက်ရိုက်ခြိမ်းခြောက်ခြင်းဖြစ်သည်ဟု ရုရှားကမှတ်ယူသည်။ ထို့ပြင် အမေရိကန်အတွက်ဂျော်ဂျီယာသည် ကတ်စပီယံပင်လယ်မှ ရရှိမည့်ရေနံသယ်ယူရေး၊ အထူးသဖြင့် အဇာဘိုင်ဂျန်မှရေနံအား ဂျော်ဂျီယာ အားဖြတ်သန်းကာ ဥရောပတိုက်သို့သယ်ယူနိုင်ရေးသည်အရေးပါသည်။ ထို့အပြင်အီရန်အား စစ်ဆင်နွှဲမည်ဆိုပါက ဂျော်ဂျီယာမှတစ်ဆင့် ဖြတ်သန်းတိုက်ခိုက်နိုင်သကဲ့သို့ ရုရှားအားထိန်းချုပ်နိုင်သည့်အနေအထားဖြစ်သည်။ ထို့ကြောင့် ဂျော်ဂျီယာသည်အမေရိကန်အတွက် စီးပွားရေး၊ စစ်ရေးအရအရေးပါသော ရည်မှန်းချက်တစ်ခုဖြစ်သည်။

၂၃။ ဂျော်ဂျီယာ၏ရည်မှန်းချက်မှာ နေတိုးအဖွဲ့ဝင်ဖြစ်ရေးဖြစ်သည်။ ဂျော်ဂျီယာ အနေဖြင့်အမေရိကန်နှင့်နီးစပ်သောဆက်ဆံရေးကြောင့် စစ်ပွဲတွင် နေတိုးမှဝင်ရောက်ကူညီဖြေရှင်းပေးမည်ဟု မှတ်ယူခဲ့သည်။ ထို့ကြောင့် တောင်အိုဆက်တီးယားခွဲထွက်ရေးသမားများနှင့်၎င်းတို့အားကူညီနေသောရုရှားတို့အား နေတိုးအကူညီရယူကာချေမှုန်းနိုင်ရန် ဂျော်ဂျီယာကရည်မှန်း၍စစ်ပွဲစတင်ခဲ့ခြင်းဖြစ်သည်။

၂၄။ ဩဂုတ်လ ၈ ရက်နေ့မှစတင်ကာ ပြင်းထန်စွာတိုက်ခိုက်ခဲ့ကြပြီးနောက် ရုရှားတပ်များသည် အချိန်တိုအတွင်းတွင် တက်စ်ခင်ဗီလီမြို့၊ ဂိုရီမြို့၊ ပိုတီဆိပ်ကမ်းမြို့၊ ဆီနာကီမြို့၊ ဇပ်ဒီဒီမြို့များအားသိမ်းပိုက်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် စစ်ပွဲအတွက်အစည်းဝေးအကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း သဘောတူညီမှုတစုံတရာမရရှိခဲ့ပါ။ ထိုအခြေအနေတွင် ဥရောပသမဂ္ဂဥက္ကဋ္ဌတာဝန်ယူထားသည့် ပြင်သစ်သမ္မတဆာကိုဇီ၏စေ့စပ်မှုဖြင့် ဩဂုတ်လ ၁၂ ရက်နေ့တွင် စစ်ပွဲရပ်တံ့ရေးစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ရုရှားဘက်မှတောင်းဆိုသည့် အချက် (၂) ချက်ဖြစ်သည့် ဂျော်ဂျီယာတပ်များတောင်အိုဆက်တီးယားမှ ရုပ်သိမ်းပေးရေးနှင့် တောင်အိုဆက်တီးယားအပေါ် အင်အားအသုံးမပြုရေး ကတိကဝတ်များအား ဂျော်ဂျီယာတို့ဘက်မှ သဘောတူခဲ့ရသည်။

၂၅။ ၅ရက်ကြာဖြစ်ပွားခဲ့သောစစ်ပွဲအတွင်း ရုရှားစစ်သား ၇၈ ဦးကျဆုံးခဲ့ကာ စစ်စရိတ် အမေရိကန်ဒေါ်လာ ၅၀၈.၇သန်း ကုန်ကျခဲ့သည်။ ဂျော်ဂျီယာတို့အနေဖြင့် စစ်သည် ၁၆၉ ဦး ကျဆုံးခဲ့ကာ တက်စ်ခင်ဗီလီမြို့၊ ပင်လယ်နက်ပိုတီဆိပ်ကမ်းအပါအဝင် လေယာဉ်ကွင်းများနှင့် စီးပွားရေးအဆောက်အဦများစွာပျက်စီးဆုံးရှုံးခဲ့သည်။




**၂၀၀၈ခုနှစ်ရုရှား-ဂျော်ဂျီယာစစ်ပွဲ**

**အစိုးရနှင့်နိုင်ငံရေး**

၂၆။ ကျော်ဂျီယာနိုင်ငံသည် ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပြီး သမ္မတသည် နိုင်ငံတော်၏ အကြီးအကဲဖြစ်ကာ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ အုပ်ချုပ်ရေးအာဏာကို သမ္မတနှင့်အစိုးရအဖွဲ့မှရယူထားသည် ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရအဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပြည်ထဲရေးဝန်ကြီးဌာနမှအပ ကျန်ဝန်ကြီးဌာနများဖြင့် ဖွဲ့စည်းထားသည်။ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနသည် သမ္မတ၏တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ရှိသည်။ လက်ရှိသမ္မတမှာ ကျော်ဂျီမချ်ဗီလာရှီဗလီဖြစ်ပြီး ၂၀၁၃ ခုနှစ်ရွေးကောက်ပွဲတွင် မဲအရေအတွက် ၆၂.၁၂%ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၇။ ဥပဒေပြုရေးအပိုင်းတွင် ကျော်ဂျီယာပါလီမန်အား ပါလီမန်တစ်ရပ်တည်းဖြင့် ဖွဲ့စည်းထားသည်။ ပါလီမန်တွင်ကိုယ်စားလှယ် ၁၅၀ ဦးရှိပြီး ၇၅ ဦးကို သက်ဆိုင်ရာမဲဆန္ဒနယ်များမှ တိုက်ရိုက်ရွေးကောက်ပြီး ၇၅ ဦးအား သက်ဆိုင်ရာပါတီအလိုက်အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ ကိုယ်စားလှယ်သက်တမ်းမှာ ၄ နှစ်ဖြစ်ပါသည်။

**စီးပွားရေး**

၂၈။ ကျော်ဂျီယာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ မက်ဂနီဆီယမ်၊ ကြေးနီ၊ ရွှေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ အဖျော်ယမကာလုပ်ငန်း၊ သတ္တုလုပ်ငန်း၊ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများဖြစ်ပါသည်။ သွင်းကုန်အနေဖြင့် ပြည်ပမှ သဘာဝဓါတ်ငွေ့နှင့်စက်သုံးဆီများကို ဝယ်ယူတင်သွင်းလျက်ရှိပါသည်။ နိုင်ငံ၏လျှပ်စစ်စွမ်းအင်မှာ ရေအားလျှပ်စစ်ကဏ္ဍအပေါ်အခြေခံထားပါသည်။

၂၉။ ကျော်ဂျီယာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် အစိုးရ၏ရင်းနှီးမြှုပ်နှံမှုကြောင့် ၂၀၀၆-၂၀၀၇ ခုနှစ်ကာလများတွင် ၁၀ % နှင့် အထက်တိုးတက်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် ရုရှားနှင့်ပြဿနာကြောင့် ၄% အထိ လျော့ကျခဲ့ပါသည်။ ၂၀၁၀-၂၀၁၃ ခုနှစ်ကာလများတွင် စီးပွားရေးမှာ ပြန်လည်ဦးမော့ခဲ့သော်လည်း လက်ရှိအချိန်တွင် နိုင်ငံအတွင်း အလုပ်လက်မဲ့နှုန်းမှာ မြင့်မားနေဆဲဖြစ်ပါသည်။

၃၀။ ပြည်ပရင်းနှီးမြှုပ်နှံမှုများအား ဆွဲဆောင်ရန်အတွက် ဥပဒေများ၊ အခွန်အခများကို လျှော့ပေါ့ပေးပြီး အဂတိလိုက်စားမှုအားကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ ဂျော်ဂျီယာသည် ရေအားလျှပ်စစ်၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် အထည်အလိပ်လုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအားဆွဲဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် အစိုးရသည် ၂၀၂၀ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကိုချမှတ်ခဲ့ပြီး အစိုးရအနေဖြင့် နိုင်ငံ၏စီးပွားရေးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၆ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ဂျော်ဂျီယာသည် ဥရောပသမဂ္ဂနှင့် လွတ်လပ်စွာကုန်သွယ်ရေးနှင့်ဗီဇာကင်းလွတ်ခွင့်ဆိုင်ရာ သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ပါသည်။ နိုင်ငံ၏စုစုပေါင်း အသားတင်ထုတ်လုပ်မှုနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၃.၇၅ ဘီလီယံဖြစ်ပြီး တိုးတက်မှုနှုန်းမှာ ၂ % ဖြစ်သည်။ တစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၉၅၀၀ ဖြစ်ပြီး ကမ္ဘာ့အဆင့် ၁၃၈ ဖြစ်ပါသည်။

## လူဦးရေနှင့်လူနေထိုင်မှု

၃၁။ ဂျော်ဂျီယာနိုင်ငံတွင် ဒေသကြီး ၉ ခု၊ မြို့တော်ဒေသတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသမ္မတနိုင်ငံ ၂ ခု ခွဲခြားသတ်မှတ်ထားပါသည်။ ထိုဒေသများကို ခရိုင် ၆၉ ခု ထပ်မံခွဲခြားသတ်မှတ်ထားပါသည်။ မြို့တော်မှာ Tbilisi ဖြစ်သည်။

၃၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အက်ဘ်ခါးဇီးယားနှင့် တောင်အိုဆက်တီးယားဒေသရှိ လူဦးရေအများစုသည် ရုရှားနိုင်ငံကူးလက်မှတ်များကိုင်ဆောင်ထားပြီး ရုရှား၏သြဇာအောက်ကျရောက်လျက်ရှိသောဒေသများဖြစ်သည်။ ဂျော်ဂျီယာအနေဖြင့် ၎င်းဒေသနှစ်ခုအား ရုရှားတို့မှ သိမ်းပိုက်မည်ကို စိုးရိမ်ပူပန်ရလျက်ရှိပါသည်။

၃၃။ လူမျိုးအများစုမှာ ဒေသခံကော့ကေးဆပ်လူမျိုးအများစုဖြစ်သည်။ အခြားလူမျိုးများအနေဖြင့် အက်ခါးဇီးယားလူမျိုးများ၊ အာမေးနီးယားလူမျိုးများ၊ အဇာဘိုင်ဂျန်လူမျိုးများနှင့် ပွန်တက်ဂရိလူမျိုးများ၊ ဂျူးနှင့် ရုရှားလူမျိုးများလည်းနေထိုင်ကြပါသည်။ ဂျော်ဂျီယာဂျူးလူမျိုးအသိုက်အဝန်းသည် ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံးသော ဂျူးအသိုက်အဝန်းတစ်ခုဖြစ်ပါသည်။ ရုံးသုံးဘာသာစကားမှာ ဂျော်ဂျီယာဘာသာစကားဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၁ % အသုံးပြုလျက်ရှိသည်။ အခြားဘာသာစကားအနေဖြင့် ရုရှားဘာသာစကား ၉% ၊ အာမေး

နီးယားဘာသာစကား ၇%၊ အဇာဘိုင်ဂျန်ဘာသာစကား ၆%နှင့် အခြားဘာသာစကား ၇% သုံးစွဲကြသည်။

၃၄။ ကိုးကွယ်မှုအနေဖြင့် နိုင်ငံလူဦးရေ၏ ၈၃ %သည် အရှေ့အော်တိုဒေါ့စ်ဘာသာကို ကိုးကွယ်ကြပြီး မူဆလင် ၉.၉ % နှင့် ရိုမန်ကက်သလစ် ၀.၈ % ကိုးကွယ်ကြသည်။ ၂၀၀၂ ခုနှစ် သန်းခေါင်စာရင်းအရ အခြားဘာသာဝင်နှင့် ဘာသာမဲ့ ၀.၇ % ရှိသည်။ ၂၀၁၄ ခုနှစ် ခန့်မှန်းမှုအရ လူဦးရေ ၄.၅ သန်း ရှိပြီး လူဦးရေအထူထပ်ဆုံးမြို့မှာ မြို့တော်တီဗလီဆီ ဖြစ်ကာ ၁.၁ သန်းခန့်ရှိသည်။